# နေဝင်းမြင့်

# ချစ်သူများနှင့်ခရီးသွားခြင်း



# ချစ်သူများနှင့်ခရီးသွားခြင်း

## နေဝင်းမြင့်

## ချင်းတောင်တန်း

## ဆောရဲ့ ရိုဒိုဒင်ဒရွန်

*

ဆောချောင်း တံတားရှည်ကြီးကို ဖြတ်မိချိန်မှာတော့ အနောက်ဘက် အလင်းရောင်များ" ဆိုသည့် ကဗျာကို ကျွန်တော် သတိရလိုက်သည်။ သည်ဒေသ၏ ပထဝီဝင်နှင့် သဘာဝ ရေမြေ တောတောင်သည် ကျွန်တော်တို့ ဖြတ်လာသည့် ခရီးနှင့် ခြားနားလှပါသည်။ နွေလမမည် ချမ်းသည်မစဲ ရာသီ မကွဲတကွဲဆိုတော့ သစ်နုရွက်စည် ပန်းတို့သည်လည်း ရွှေရည်ခြယ် ဖက်၊ မြမရွက်နှယ် ထင်လေသည်။ ရွှေချည်းတော့လည်း မဟုတ်၊ အစိမ်းချည်းလား ဆိုတော့လည်း မပြောသာ။ အဝေးတောင်ရိပ်သည် မြို့ကလေးကို ခရမ်းသွေးဖြင့် မှုန်မှုန်ကလေး လူးထားသည်နှင့် တူ၏။

ဆောမှာ လက်ဖက်ရည် သောက်ကြရအောင်ဗျာ။ ဆောတံတားကိုလည်း ဓာတ်ပုံ ရိုက်ချင်တယ်"

ကိုညိုထွန်းလူ၏ တောင်းဆိုမှုကို ကျွန်တော်တို့အားလုံး သဘောတူပါသည်။ ဆောမြို့ကလေးကို ကျွန်တော် စိတ်ဝင်စားသည်။ ယောလေးမြို့ ဖြစ်သော ယော၊ ဆော၊ လောင်းရှည်၊ ထီးလင်းသည် သမိုင်းကြီးသည့်ဒေသ ဖြစ်သည်။ "မြောက်ဘက်ဖြစ်သော မြေတူးမြို့ ရေနဲမြို့ စည်ပုတ္တရာမြို့ စည်သာမြို့ တပယင်းမြို့ ၊ ပဒုံမြို့ ၊ အမြင့်မြို့ ကနီမြို့ ပန်းချီဆယ်တိုက်၊

ရဲလှေဆယ်စင်း၊ ယောမြို့၊ ထီးလင်းမြို့၊ လောင်းရှည်မြို့များလည်း ဆင်လုံးမြင်းလုံး အများနှင့်ချည်း ဖြစ်၏" ဆိုသော မဟာရာဇဝင်ကြီး ဆရာ ဦးကုလား၏ စကားပြောကိုသာ ညွှန်းရတော့မည်။ ရှေးက ယောလေးမြို့မှာ စော်ဘွားများ အုပ်ချုပ်ခဲ့ကြသည်။ ညောင်ရမ်းခေတ်လောက် အထိသာ ဖြစ်၍ ကုန်းဘောင်ခေတ်မှာတော့ မြို့သူကြီးများ ရှိလာခဲ့သည်။

"ကိုနေ ကျွန်တော်တို့ ဆိပ်ဖြူကို ဖြတ်လာတော့ ဧရာဝတီထဲစီးဝင်တာ ယောချောင်းဗျ။ ယောချောင်း၊ ဆောချောင်း၊ စလင်းချောင်း၊ မုန်းချောင်းတွေ အားလုံး ချင်းတောင်တန်းတွေက စီးဆင်းကြတယ်။ သဘောကတော့ ချင်းတောင်တန်းရဲ့ အရှေ့ခြမ်း ယောချောင်းနဲ့ မြစ်သာမြစ်ဝှမ်း တစ်လျှောက်ကို ယောနကတိုင်း ခေါ်ခဲ့ကြတယ်"

ဦးဝင်းထွန်းက ဆောလက်ဖက်ရည် ကျကျကိုသောက်ရင်း ကျွန်တော့်ကို ပြောနေခြင်း ဖြစ်သည်။ ယောနယ်ကား ကျယ်ဝန်းလှပါသည်။ ယောဒေသ၏ အကျယ်အဝန်း၊ အပြောင်းအလဲတော့ ရှိခဲ့သည်။ အခုတော့ ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု၊ ဆော၊ ပေါက်၊ လောင်းရှည် စသော ဒေသတစ်ခုလုံးကို ယောဒေသ ခေါ်နေကြပြီ။ မင်းတုန်းမင်း နန်းတက်စက ဆောမြို့ အိမ်ခြေစာရင်းတွင် ၅၆၉ အိမ်သာ ရှိခဲ့သည်ကို ၁၂၁၇ ခု ယောမြို့ စီရင်စု ကျေးရွာ အိမ်ခြေအရပ်ရပ် ငွေစာရင်းသူကြီးတို့ ခံဝန်စာရင်းတွင် တွေ့ရသည်။ ဆောမြို့မတွင် အိမ်ခြေ ၁၀၀၊ ဆင်ခြေဖုံးတွင် အိမ်ခြေ ၁၂၅ လုံးနှင့် ရွာလယ်တွင် ၃၄၄ အိမ် ဖြစ်သည်။ ယောနယ်တစ်ခုလုံး၏ အိမ်ခြေစာရင်းချုပ်မှာတော့ ယောမြို့ ၄၀၈၆ အိမ်၊ လောင်းရှည် ၂၇၁၁ အိမ်၊ မင်းရွာ ၁၃၉၅ အိမ်၊ ထီးလင်း ၇၅၈ အိမ်၊ ဂန့်ဂေါ (ကန့်ကော) ၄၃၉ အိမ်၊ ဆော ၃၅၁ အိမ်၊ တော - ၁၅၂ အိမ်၊ ကျော ၁၀၇ အိမ်၊ ညဥ့်ရှောက် ၆၆ အိမ်၊ မြင်သာ ၅၈ အိမ်၊ အင်းနား ၅၆ အိမ်၊ ရှဲ ၅၅ အိမ်၊ စကား ၁၃ အိမ်ဟူ၍ တွေ့

ရသည်။

ရှဲမှာ အတွင်းရှိ အပြင်ရှဲ ရှိတယ်။ ပုဂံတည်စက အနောက်မြောက်အလား အတွင်းရှဲနယ်နှင့် အစပ်၊ မြောက်ဘက်အလား အပြင်ရှဲနယ်နှင့် အစပ်လို့ တွေ့ရတယ်။ အတွင်းရှဲက အခု ပခုက္ကူခရိုင် အနောက်ပိုင်းမှာ ပါတယ်လို့ ကျွန်တော် ဖတ်ဖူးတယ်။ ရှေးကတော့ အတွင်းရှဲနယ်လို့ ပြောရင် အနောက်ရိုးမ တောင်တန်းက စပြီး တောင်ရဲ့အရှေ့ဘက် စသိန် ရေဖြူချောင်းအထိလို့ ပြတယ်။ စသိန် ရေဖြူဆိုတာ ယောချောင်းကိုပဲ ပြောတာပါ။ အပြင်ရှဲကတော့ ယောချောင်းအရှေ့ဘက်မှ ဧရာဝတီမြစ်ကျောထက်ဝက်အရပ်ကို ခေါ်သည်ဆို၏။ အပြင်ရှဲမှာ စကားရွာ၊ ရေအိမ်ရွာ၊ သစ်ကြီးရွာ၊ တိုင်လယ်ရွာ၊ ပလင်ရွာ၊ ချပ်ရွာ၊ ဝက်ကူးရွာ၊ သီးတုန်ရွာ၊ ပေင်ရွာ၊ လယ်အိုရွာ၊ အိုင်မ(အိုင်းမ)တို့ ပါဝင်သည်။ အတွင်းရှဲမှာတော့ ထီးလေးစင်ရွာ၊ လောင်းရှည်ရွာ၊ ကလေးရွာ၊ သောင်သွပ်ရွာ၊ တောကရွာ၊ မိုးကောင်းရွာ၊ ကျောရွာ၊ တဲနိမ့်ရွာ၊ စစ်တောက်(စစ်တောင်)ရွာ၊ မုရင်းရွာတွေ ပါဝင်သည်ဟု မှတ်တမ်းဟောင်း တစ်ခုက ဆိုသည်။ ပန်းပဲမောင်တင့်တယ်၏ သားငယ် မောင်ဖြူသေ၍ ဖြစ်သောနတ်ကို မြောက်မင်းရှင်ဖြူ ဟူ၍ ၎င်းနတ်ကို ယောနှစ်ပြည်ထောင် အုပ်စိုးရသော မင်းက နတ်ကွန်း ဆောက်လုပ်ပေးပြီး အတွင်းရှဲ(ရှဲး)၊ အပြင်ရှဲ(ရှဲး)နေသူတို့က ပသရကြောင်းနှင့် ပုဂံသေဉ်လည်ကြောင်မင်း လက်ထက်အထိ အတွင်းရှဲ အပြင်ရှဲနယ်များသည် သီးခြားအုပ်ချုပ်မှု ရှိကြောင်းများကို မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်းမှာ ဆိုသည်။ ကျွန်တော်တို့ ခရီးစဉ်က နတ်မတောင် အမျိုးသားဥယျာဉ်အထိ ဖြစ်သည်။ နတ်မတောင်က ကန်ပက်လက်မှ ဆယ်မိုင်ခွဲ ဝေးသည်။ ကျွန်တော်တို့ ကန်ပက်လက်အရောက် ခရီးဆက်ရမည်။ ပုံမှန်အားဖြင့် နတ်မတောင်ကို ခရီးနှစ်ကြောင်းက သွားနိုင်သည်။ ပထမခရီးစဉ်မှာ ကျွန်တော်

တို့ လာခဲ့သည့် ခရီးစဉ်ဖြစ်သည်။ မန္တလေးမှ ပုဂံ၊ ပုဂံမှ ချောက်၊ ချောက်မြစ်ကူးတံတားကို ကူး၊ ဆိပ်ဖြူရောက်၊ ဆိပ်ဖြူမှ ဆောမြို့သို့ ၆၈ မိုင် ခရီးဖြစ်သည်။ ကျွန်တော်တို့ ရောက်နေသည့် ဆောမြို့ကလေးမှ ချင်းပြည်နယ် ကန်ပက်လက်အရောက် ၁၂ မိုင်သာ ဝေးတော့သည်။ နောက်တစ်လမ်းက ပခုက္ကူမှ ပေါက်၄၇ မိုင်၊ ပေါက်မှ ကျောက်ထု ၃၂ မိုင်၊ ကျောက်ထုမှ ကန်ကြီး ခြောက်မိုင်၊ ကန်ကြီးမှ မင်းတပ် ၁၂ မိုင်၊ မင်းတပ်မှ ကန်ပက်လက် ၂၉ မိုင်ဖြစ်သည်။ ကန်ပက်လက်မှာ တစ်ညအိပ်ပြီး နတ်မတောင်ခြေအထိ ဆယ်မိုင်ခွဲ သွားရဦးမည်။

"ကျွန်တော်တို့ အသွားမှာ ဆိပ်ဖြူ၊ ဆော၊ ကန်ပက်လက်လမ်းက သွားမယ်။ အပြန်ကျတော့ ဆောကို ပြန်ဆင်းပြီး ကန်ကြီးကို ဖြတ်မယ်။ ကန်ကြီးက မင်းတပ် ၁၂ မိုင်ဆိုတော့ မင်းတပ်အရောက် သွားမယ်။ မင်းတပ်မှာ နေ့လယ်စာ စားပြီး မင်းတပ်၊ ကန်ကြီး၊ ကျောက်ထု၊ ပေါက်၊ ပခုက္ကူ၊ ရေစကြိုလမ်းက ပြန်မယ်"

ကျွန်တော်တို့ ခရီးထွက်လာစဉ်က Soe Tin Industries မှဦးစိုးတင် ရေးဆွဲသည့် ခရီးစဉ် ဖြစ်သည်။ သည်ခရီးကို မူလစီစဉ်ပေးသူမှာ သဘာဝပတ်ဝန်းကျင်ပညာရှင် ဆရာဂါ (ဦးဦးဂါ) ဖြစ်သည်။ ကျွန်တော်တို့ကို တာဝန်ယူ ပို့ဆောင်ပေးသည့် ဦးစိုးတင်နှင့် ဦးဝင်းထွန်း (ဘိုဘို)တို့ကိုပါ ကျေးဇူးတင်ရသည်။ နောက်ထပ် ကျေးဇူးတင်ထိုက်သူမှာ နတ်မတောင် အမျိုးသားဥယျာဉ်မှူးကြီး ဦးရှိန်းဂေဝိုင်းဖြစ်သည်။ ဦးရှိန်းဂေဝိုင်း၏ Mountain Oasis Resort မှာ တည်းခိုရင်း နတ်မတောင် တစ်ဝိုက် သဘာဝပတ်ဝန်းကျင်နှင့် သွေးချင်းတို့၏ နေထိုင်မှုဘဝကို လေ့လာရန် အစစဆောင်ရွက်ပေးသည့် တွက် ကျေးဇူးတင်ရသည်။ ဦးရှိန်းဂေဝိုင်းက တစ်ခုပဲ မေတ္တာရပ်ခံသည်။

"ဆရာတို့ ရောက်လာရင် ကန်ပက်လက်မြို့မှာ သဘာဝပတ်ဝန်းကျင် ဟောပြောပွဲ တစ်ပွဲတော့ ဟောပြောပေးကြစေချင်တယ်။ ဆရာဂါကလည်း ကျွန်တော့်ကို ဖုန်းလှမ်းဆက် ထားတယ်။ ဖြစ်အောင် စီစဉ်ပါတဲ့"

ကျွန်တော်တို့ကလည်း သဘောတူကြပါသည်။ ကိုညိုထွန်းလူ၊ ကိုဆူးငှက်၊ ကိုစိုးဘားဒိုင်၊ ကိုရှိုင်းရဲဝံ့နှင့် ကျွန်တော်တို့ငါးယောက်ထဲက သုံးယောက်က ဟောပြောကြမည်။

ကျွန်တော်တို့ ဆောမြို့က ထွက်လာတော့ အပူပိုင်းဒေသ အပူရှိန်ရှိနေသည်။ ပင်ကိုအားဖြင့် မြို့ကလေးက အေးချမ်းသည်။ ရှင်းသန့်သည်။ ဘုရားကျောင်းကန်၊ စေတီပုထိုးတွေ ပေါများသည်။ မြင့်မားသော ချင်းတောင်တန်း၏ အရိပ်ကျလို့ပဲလား၊ အပင်တွေက မညှိုးမခြောက် ရှိလေသည်။ ဆောကလွန်တော့ အညာရွာကလေးတွေ မြင်ရသည်။ အညာသူ အညာသားတွေကို တွေ့ရသည်။ တအိအိ မြင့်တက်လာချိန်မှာတော့ သစ်တောတွေထဲက ရိုးနီအင်ကြင်းပင်တွေ၊ အင်ကြင်းပွင့်တွေ မြင်ရပြီ။ စူဠသုဘဒ္ဒါ၏ အင်ကြင်းများ။ သစ်တောဆိုတော့ အပင်သဘာဝ အမျိုးမျိုး မဟုတ်လား။ ဖုန်ခိုးနှင့် သစ်ရွက် မြမြမောင်းမောင်းတွေလည်း ရှိ၏။ အဝေးတောင်တန်းတွေဆီက မျောလာသော တောင်ခိုးနှင့် မြူတွေလည်း ရှိ၏။ အင်ကြင်းရနံ့က တစ်တောလုံး ကြိုင်လေသည်။

"တော်တော် မွှေးတာပဲဗျာ။ ဒါ ရိုးတံနီအင်ကြင်းဗျ။ လုမ္ဗိနီအင်ကြင်း မဟုတ်ဘူး။ ဆရာမက သည်အင်ကြင်းကို ဖွဲ့ဖူးတယ်"

ကိုညိုထွန်းလူက ပြောခြင်းဖြစ်သည်။ အင်ကြင်းပွင့်တွေက နီရောင်ရွှေရောင်။ သန္တာရိုးတံ၊ မင်းစံရွှေပွင့်၊ ကိုးဆင့်နဝရတ်၊ ဘုံပြာသာဒ်ကဲ့သို့ တမွတ်စွင့်စွင့်၊ ပင်လုံးပွင့်သော အင်ကြင်းတို့ပါ တကား။ ဟောတစ်ပင် ဟောတစ်ပင်။ ပန်းလည်းကြိုင်သင့်၊ ရာသီချင့်၍၊ စွင့်စွင့်စွန်းစွန်း၊

သွန်းသွန်း သားသား၊ ကြွားကြွားကြွကြွ၊ မြမြဝေဝေ၊ ထွေထွေပျံ့ရှင်း၊ ပန်း အင်ကြင်းလည်း၊ ခက်ချင်းရိပ်မြိုင်၊ သို့စဉ်ကြိုင်လျက်။

ကျွန်တော်တို့ အင်ကြင်းတောကို ဓာတ်ပုံရိုက်ကြတော့ တစ်ပင်တည်း သော တောင်ဇလပ်ပင် ကလေးကို တွေ့လိုက်ရသည်။ အပွင့်ကျန်တွေ ရှိ သေးသော်လည်း စိုစိုဖပ်ဖပ်မဟုတ်တော့။ အပင်ကလည်း ပင်ပု။ တောင် မြင့်ဇလပ်နီ (Red Rododendron)၊ တောင်ဇလပ်ဝါနှင့် တောင်ဇလပ်ဖြူတွေ ကတော့ နတ်မတောင်မှာ တွေ့နိုင်လိမ့်မည်။ ကျွန်တော်တို့အားလုံး တောင်ဇလပ်နီပွင့်ကို အဝေးက ဓာတ်ပုံ ရိုက်ကြရသည်။ ရိုဒိုဒင်ဒရွန်။

ဘူမိဗေဒဖြစ်စဉ်အရ ရှမ်းကုန်းမြင့်မြင့်ကြီး ပေါ်ထွန်းနေချိန်မှာ ချင်း တောင်တန်းသည် ကျွန်းကလေးအဖြစ်သာ ရှိသေးသည်။ ကရီကေးရှား ခေတ်တွင်မှ၊ ချင်းတောင်တန်းသည် မြေလှုပ်ရှားမှု စကာ တာရှုရီခေတ်ကို ရောက်မှ တောင်စွယ် တောင်တန်းကြီးအသွင် ဆောင်လာခဲ့ခြင်း ဖြစ်သည်။ ချင်းတောင်တန်းတွေက သက်တမ်းနုသည်။ အခုတော့လည်း တောင်ဇလပ် နှင့် အခြား ရှားပါး သစ်ပင်များရှိရာ တောင်မြင့်ကြီးတွေ စီကာစဉ်ကာ ရှိနေ ပြီ။ ဆောမြို့က တက်လာပြီး မကြာမတင်မှာ ရိုဒိုဒင်ဒရွန်ကို တွေ့ရတော့ ရှားရှားပါးပါး သဘာဝ၏ ဆန်းကြယ်မှုပါကလား လို့သာ အောက်မေ့ရ တော့သည်။ အပူပိုင်းဒေသမှာ ဆီးနှင်းခံပင်တွေ ရှိရခြင်းသည် ရေခဲ ခေတ်၏ ပယောဂ ပါသည်။ ဟိမဝန္တာသည် ရေခဲဖုံးလွှမ်းခြင်း ခံရသည့်အခါ သဘာဝအလျောက် ပေါက်ရောက် နေကြသည့် တောင်ပေါ် ဆီးနှင်းခံပင် များမှာ ရေခဲလွတ်ရာသို့ သဘာဝအားဖြင့် ရွှေ့လျားလာကြသည်။ ထို ရွှေ့လျားမှုသည် အပူပိုင်းသစ်တောများရှိရာ ရောက်လာသည့်အခါ ရှေ့ဆက် မတိုးကြတော့ဘဲ သူတို့ နှစ်ခြိုက်သည့် သဘာဝရေမြေ ဥတုမှာ ဆက်လက် ရှင်သန်နေကြတော့သည်။ ပေ ၄၀၀၀ မှ ၅၀၀၀ ကြားမှာ ပေါက်သည့်

တောင်ဇလပ်နီ (ရိုဒိုဒင်ဒရွန်)တွေ ကတော့ စိတ်ကြိုက်ရာသီဥတု ရကြသည်ဖြစ်ရာ အရွက်တွေ သေးသည်။ စိမ်းသည်။ ထူသည်။ အပွင့်တွေကလည်း ပတ္တမြားလည်သီးရည်။

"ယောမြို့လေးထဲက ရွာတွေကိုကြည့်ရင် သစ်ပင်စွဲတဲ့ရွာတွေ၊ ကျောက်ကိုစွဲတဲ့ နာမည်တွေနဲ့ဗျ။ ကျွန်းရင်း၊ ပေါက်၊ ပိန္နဲ၊ ပျဉ်းချောင်း၊ ညောင်ဝင်း၊ ရှားလှ၊ ယင်းမာ၊ လက်ပံ ဆိုတဲ့ ရွာတွေက ဒေသပေါက်တဲ့ အပင်တွေကိုကောက်ကာငင်ကာ ပေးတာ။ ကျောက်ပါတဲ့ ရွာတွေလည်း ရှိပြန်တယ်။

ကျောက်ကာရွာ၊ ကျောက်ခရိုင်ရွာ၊ ကျောက်ဆွဲရွာ၊ ကျောက်ဆစ်ရွာ၊ ကျောက်ထုရွာ၊ ကျောက်ထရံရွာ၊ ကျောက်မဆင်ရွာတွေ ဖြစ်သည်။ အညာဒေသ လက်တစ်ကမ်း နိမိတ်ပုံတွေ။ အညာနှင့် ဝေးသည့် သဘောသည် မရှိ။ အခုတော့ ကျွန်တော်တို့နှင့် ရင်းနှီးသည့် သော်ကထွတ်ထွတ်၊ ရင်ခတ်ရွှေရွှေ၊ မိုးဆွေနီနီ၊ သရဖီထပ်ထပ်၊ ဇလပ်မွှေးမွှေး၊ မုလေးဆင့်ဆင့်၊ ကြာပွင့်ဝါဝါ၊ ရင့်မာလန်းလန်း၊ အနန်းရှားရှား၊ စကားဝင်းဝင်း၊ အင်ကြင်းရွှင်ရွှင်တွေ ကြားမှာ ရိုဒိုဒင်ဒရွန်ကို တွေ့နေရပါပကော။ ဆောမြို့နှင့် မနီးမဝေးကို တောင်တန်းပေါ်က အိမ်လည်လွန်လာသည့် အပင်ကလေး ထင်ပါရဲ့။

‘ဆောရဲ့ ရိုဒိုဒင်ဒရွန်’

***

# ရော်နီတောင်တန်းပေါ်က ကန်ပက်လက်

*

ချင်းတောင်တန်းပေါ်က Mountain Oasis Resort မှာ မနက်ခင်း နေရောင်ခြည် နုနုကလေး ကျနေသည်။ မနက်ခင်း တောင်ပေါ်လေက လည်း အေးမြလန်းဆန်းလှပါသည်။ ဥယျာဉ်မှူးကြီး ဦးရှိန်းဂေဝိုင်းကတော့ ဘယ်အချိန်ထပြီး ရေဖျန်းနေသည်မသိ။ ကျွန်တော်တို့နိုးတော့ ခြံစည်းရိုး ပင်တန်း ကလေးတွေရော၊ လမ်းတွေပါ စိုရွှဲနေကြပြီ။

"ဆရာတို့ နိုးကြရင် ကန်ပက်လက်မြို့ထဲ ဆင်းကြရအောင်။ မနက်စာ အဆာပြေတော့ ဒီမှာပဲ ထမင်းကြော်နဲ့ ကော်ဖီ သောက်ကြတာပေ့ါ"

မျက်နှာသစ်တော့ ရေက အေးစက်နေသည်။ မနေ့က ကန်ပက်လက် အဝင် မိုးချုပ်သဖြင့် မြို့ခင်းကို ကျွန်တော်တို့ မမြင်ရသေးပါ။ ကျွန်တော် ရောက်နေသည့် တောင်ပေါ်စခန်းမှ လှမ်းကြည့်လျှင် နေရောင်ပက်ထား သည့် တောအထပ်ထပ် တောင်အထပ်ထပ်ကိုသာ တွေ့ရသည်။ တောင်ခိုး တွေက ဝေ့ဝေ့အူလျက်။ အချို့နေရာတွေမှာ တောင်ယာမီးရှို့ထားသော မီးလောင်ပြင် အကွက်အကွက်တွေ ရှိသည်။ အချို့နေရာတွေမှာတော့ မီးမ ငြိမ်းသေး။ တောင်ခိုးနှင့် မီးခိုးတွေ ရောကာ မှုန်မှုန်မှိုင်းမှိုင်း။ ကျွန်တော်တို့ ရောက်လာသည့် လက တပေါင်းလ ဆိုသော်လည်း ဒီတောင်တန်းတွေပေါ် မှာတော့ တောင်ကလေနှင့် မြောက်လေရစ်ထွေး၊ ပြန်ကာဝေးတိ၊ မှေးမှေး ပျပျ။ နွေလမမည်၊ ချမ်းသည်မစဲ.. ရှိနေဆဲပင်။

ကန်ပက်လက်ကို ကားနှစ်စီးဖြင့် ဆင်းကြရသည်။ ကျွန်တော်တို့က ဆရာ

ရှိန်းနှင့် အတူလိုက်ပါရင်း သိချင်တာတွေ မေးကြရသည်။ တောင်စောင်း တစ်လျှောက် ထင်းရှူးပင်တွေ များလှပါသည်။ ရုက္ခဗေဒပညာရှင် ကင်းဒါ န်းဝေါ့ဒ်နှင့်အဖွဲ့ လာစဉ်က တည်းခိုသော ကန်ပက်လက် ဘိုတဲကတော့ ရှိ တော့မည်မထင်။ လမ်းဘေးတစ်လျှောက် သင်းဝင်၊ ပုတီးဖြူနှင့် သစ်ဆိမ့်ပင်ကြီးတွေက တောင်စောင်းတွေမှာ ကုပ်တွယ်ထားကြသည်။ ခရီးတစ်ဝက်လောက် ဆင်းမိတော့ နတ်မတောင် အမျိုးသားဥယျာဉ်ရုံးကို တွေ့ရပြီ။ ကျွန်တော်တို့ ခဏတစ်ဖြုတ် ဆင်းကာ အဝေးတောင်တန်းတွေ ကို ဓာတ်ပုံရိုက်ကြသည်။ တောင်တန်းတွေပေါ်က ဆင်းလာကြသည့် 'ချင်း' သွေးချင်းတွေကို ဓာတ်ပုံရိုက်ကြသည်။ ချင်းအမယ်အိုကတော့ ကြေးဝါ လက်ကောက်တွေ တစ်ဖက် ကွင်းနှစ်ဆယ်လောက် ဝတ်ထားသည်။ ဇရာ၏ အရေးအကြောင်းတွေပေါ်မှာ ငယ်နုစဉ်က ထိုးခဲ့သည့် ပါးရဲစိမ်းစိမ်း ကလေးတွေ ရှိနေသေးသည်။ ထင်းတွေကို နဖူးသိုင်း ကြိမ်ခြင်းထဲထည့်ကာ တလှုပ်လှုပ် သွားနေခြင်းဖြစ်သည်။ တစ်နေရာမှာ ဆရာရှိန်းက ကားရပ် ပေးသည်။

"ကန်ပက်လက် လက်ဖက်ရည် တိုက်ပါရစေဦး။ ဒီနားလေးမှာ ချင်းရိုးရာ ထည်တွေ ရောင်းတဲ့ ဆိုင်တွေလည်းရှိတယ်။ ဆရာတို့ လျှောက်ကြည့်ကြ ပါ"

ဒီနေရာမှာ လမ်းက "ဝိုင်" အက္ခရာလို ဖြစ်နေသည်။ ဈေးကလေး ခင်း ရောင်းနေကြသော ဈေးသည်တွေကတော့ မြန်မာမိန်းကလေးတွေ။ မေးကြည့်တော့ "ကျွန်မတို့ ဆောမြို့ကရှင့်။ ဒီမှာတည်းပြီး ဈေးရောင်းကြ တာ"ဟု ဆို၏။ မျောက်ဥ၊ ပိန်းဥ၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ် စ သည့် ဟင်းချက်သီးနှံတွေ။ ချိန်ခွင်နှင့် ဓာတ်ခဲအလေး ကတော့ အတူတူပါ ပဲ။ တချို့က ချင်းဂျပ်ခုတ် လက်ရက်ထည်တွေ ဝယ်ကြသည်။ ကွမ်းယာဆိုင်

ကလေးတွေလည်း ရှိသည်။ ကွမ်းယဉ်ကျေးမှု သည်ပင် ထိုးဖောက်နေပါပကော။ ကျွန်တော်တို့ကို လာနှုတ်ဆက်ကြသည့် ချင်းမိတ်ဆွေများကို ဒေသစီးပွားရေး မေးကြည့်တော့ "ဒီမှာတော့ subsistence economy ပါပဲ" ဟု အင်္ဂလိပ်ဘာသာဖြင့် ဖြေသည်။ ဝမ်းစာ ဖူလုံရုံ စီးပွားရေး။

ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ကလေးထဲကို ရောက်တော့ မြို့ခံ ချင်းတိုင်းရင်းသား မိတ်ဆွေများက စောင့်နေကြသည်။ ဆရာရှိန်းကပဲ အားလုံးနှင့် မိတ်ဆက်ပေးသည်။ နောက်တစ်နေ့ နေ့လယ်မှာ ဟောပြောပွဲ ကျင်းပရန် တာဝန်ရှိသူများပါ ရောက်ရှိနေကြခြင်း ဖြစ်သည်။ ဒီပုဂ္ဂိုလ်တွေထဲမှာ ဆရာဦးချွဲကီးက အတက်ကြွဆုံး။ စကားပြောလည်း ကောင်းသူဖြစ်သည်။

"ဆရာတို့ ကန်ပက်လက်လက်ဖက်ရည် သောက်မိရင်တော့ တစ်ခေါက်ပြန်လာရတတ် တယ်နော။ ကန်ပက်လက်ကတော့ ကြိုဆိုလျက်ပါဗျာ။ ကျွန်တော်တို့လူမျိုးက သစ္စာကြီးတယ်။ ရိုးသားကြတယ်။ ဆရာတို့ တစ်ခါလာဖူးတာကို ကျွန်တော်တို့က တစ်သက်လုံး မမေ့တော့ဘူးဗျို့"

မြန်မာနိုင်ငံ အနောက်ပိုင်း ချင်းပြည်နယ်၏ တောင်ပိုင်းမှာ ရော်န်တောင်တန်း(Rong klang Range) ကြီး ရှိသည်။ ဒေသအညွှန်းအားဖြင့် လတ္တီတွဒ် ၂၀ ၄၅'- ၂၄ ၀၀'၊ မြောက်နှင့် လောင်ဂျီတွဒ် ၉၃ ၂၀' ၉၄၀၅' အရှေ့ကြားတွင် တည်ရှိသည်။ ရော်န်တောင်တန်းက မြန်မာတောင်တန်းစဉ်ကြီး၏ အစိတ်အပိုင်းအဖြစ် ဖွဲ့တည်နေသည်။ မြန်မာ တောင်တန်းစဉ်(Myanmar Arc) ဆိုတာက မြန်မာနိုင်ငံ အနောက်ဘက်ရှိ တောင်တန်းများသည် မြောက်မှတောင်သို့ သွယ်တန်းကြသည်ဖြစ်ရာ တောင်ဘက်အစွန်သည် ရခိုင်ရိုးမဖြစ်၍ မြောက်ဘက်တွင် ပတ်ကွိုင်တောင်၊ နာဂတောင်တန်းတွေက တဖြည်းဖြည်း မြင့်တက်သွားရာက ဟိမဝန္တာတောင်စဉ်နှင့် ပေါင်းမိသွားကြသည်။ ဒီတောင်တန်း စဉ်ကြီးကို မြန်မာ

တောင်တန်းစဉ်ဟု ခေါ်ကြသည်။ ဒီတောင်တန်းစဉ်က ရခိုင်ရိုးမ တောင်ဘက်ပိုင်းတွင် ပင်လယ်ရေအောက်သို့ ငုပ်လျှိုးသွားခဲ့ကာ ရေအောက်တွင် တောင်တန်း ဖြစ်ရသည်။ ပင်လယ်ရေအောက်မှ အင်ဒမန်ကျွန်း၊ နီကိုးဘားကျွန်း၊ ဘော်နီယိုနှင့် ဆူမတြား ကျွန်းများအဖြစ် ပြန်ပေါ်လာခဲ့သည်ဆို၏။ ရော်န်တောင်တန်းသည် ဧရိယာကချည်း စတုရန်း ကီလိုမီတာ ၂၅၀၀၀ ရှိသည်။ အမြင့်အားဖြင့် တောင်စဉ်တန်း တစ်လျှောက် မီတာ ၅၀၀ မှ ၃၀၅၃ မီတာအထိ တောင်စဉ်နိမ့်မြင့် ရှိသည်ဖြစ်ရာ ၁၀၀၁၈ ပေ ရှိသည့် နတ်မတောင်က အမြင့်ဆုံး တောင်ထိပ်ဖြစ်သည်။

"ကန်ပက်လက်ကို ၁၉၀၂ ခုနှစ်က အင်္ဂလိပ်အုပ်ချုပ်ရေးမှူးတစ်ယောက်လာပြီး ရုံးထိုင်တယ်။ ရက္ခဗေဒ သုတေသန လုပ်ငန်းနဲ့တော့ ၁၉၁၂ ခုနှစ်မှာ လေဒီရိုးလားကာ့ဖ်တို့၊ ၁၉၂၀ ပြည့်နှစ်မှာ သစ်တောအရာရှိ အာရ်အင်န် အန်းဝင်းတို့၊ ၁၉၂၀ ပြည့်နှစ်မှာပဲ အာရ်စီကူးပါးတို့ ဒီမြို့ကလေးမှာ နှစ်ပတ်၊ သုံးပတ်စီလောက် နေသွားကြဖူးတယ်။ လေဒီဝိုးလားကာ့ဖ်ဆိုရင် ကျွန်တော်တို့ဆီက တောင်မြင့် ဇလပ်နီပင်တွေနဲ့ တခြားအပင်တွေ အိုင်ယာလန်ကို လှမ်းပို့တယ်။ သည်တောင်မြင့် ဇလပ်နီရဲ့ မျိုးစိတ်နာမည်ကို ရက္ခဗေဒပါရဂူ ဒေါက်တာဂျေဟဒ်ချင်ဆန်က ကမ္ဘာ့ရက္ခဗေဒ မှတ်တမ်းမှာ ရိုဒိုဒင်ဒရွန်ကာ့ဖ်ဖီယာ နန်ဟာ့ချ်ဆိုပြီး မှတ်ပုံတင်တယ်"

ကျွန်တော့်ဘေးမှ ချင်းအမျိုးသားကြီးက ကျွန်တော့်ကို ပြောနေခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ် နောက်ပိုင်း ၁၉၅၂ ခုနှစ်မှာ မြန်မာသစ်တောအရာရှိများဖြစ်သည့် ဦးဘမှန်းနှင့် ဦးစိန်ဒိုင်တို့ ရောက်လာကြကာ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များတွင် ရက္ခဗေဒ သုတေသနပြုလုပ်ခဲ့ကြသည်။ ဒီကနေ့အထိတော့ နတ်မတောင်ကို အကြိမ်ကြိမ်

ရောက်ခဲ့သည့် ရုက္ခဗေဒပညာရှင် ကင်းဒန်းဝေါ့ဒ် ခွဲခြားပေးခဲ့သည့် အမျိုး အစားများကလွဲ၍ အသစ်စူးစမ်းမှု မလုပ်နိုင်သေးကြောင်း။ ၁၉၈၃ ခုနှစ်မှာ ဂေဟဗေဒ စူးစမ်းလေ့လာမှု စစ်တမ်း ပြုစုနိုင်ခဲ့ကြောင်း။ ထိုစစ်တမ်း ကောက်ယူမှုအရ နတ်မတောင်သည် အမျိုးသား ဥယျာဉ်အဖြစ် သတ်မှတ် ခြင်း ခံခဲ့ရသည်။ ကင်းဒန်းဝေါ့ဒ်က နတ်မတောင်၏ မီတာ ၁၀၀၀ အမြင့် အထိ အပူပိုင်း အမြဲစိမ်းသစ်တော(မုတ်သုံသစ်တော) Tropical Evergreen Forest (Monsoon Forest) ဟူ၍ လည်းကောင်း၊ မီတာ ၁၀၀၀ မှ ၂၁၃၀ အထိက အပူလျော့ပိုင်း အမြဲစိမ်းသစ်တော (Subtropical Evergreen Forest) ဟူ၍ လည်းကောင်း၊ မီတာ၁၈၃၀ မှ တောင်ထိပ်အထိကိုတော့ သမပိုင်း အမြဲစိမ်းသစ်တော (Temperate Semievergreen Forest) ဟူ၍လည်းကောင်း ခွဲခြားခဲ့ကြောင်း ကျွန်တော် ဖတ်ဖူးပါသည်။ နတ်မ တောင်ကို သုံးပိုင်းကန့်၍ ခွဲခြားခြင်း ဖြစ်ပါသည်။ တကယ်တော့ နတ်မ တောင်၏ သဘာဝတောများသည် ဆန်းကြယ်သည်။ ကြွယ်ဝသည်။ အသေးစိတ်အားဖြင့် အပူပိုင်းသစ်တောများ၊ အပူလျော့ပိုင်း ဒေသတော များ၊ သမပိုင်းဒေသတော စိုများ၊ သဘာဝ ထင်းရှူးတောများ၊ ဆီးနှင်း တောင်ပေါ် ပေါက်တောများ (Alpine Forest) နှင့် တောင်ပေါ် မြက်ခင်း များ(Hill Grassland) ဟူ၍ တွေ့ရပါသည်။ စာအုပ်တစ်အုပ်မှာတော့ ပြည်နယ် တစ်ခုလုံးမှာ ရွက်ပြတ်ရောတော၊ တောင်ပေါ် တောခြောက်၊ ထင်းရှူးတော၊ တောင်တောစိမ်းနှင့် အပူပိုင်း တောစိမ်းများ ရှိနေကြောင်း ဖော်ပြထားသည်။ "ချင်းပြည်နယ် တစ်ခုလုံးရဲ့ သဘာဝ ပေါက်ပင်တွေက သိပ်ကို ထွေပြားတယ်။ သဘာဝတောတွေ ဆိုရင်လည်း အမျိုးမျိုးပါပဲ။ နတ် မတောင်နဲ့ ရော်နံတောင်တန်း တစ်ဝိုက်ကိုတောင် ကျွန်တော်တို့ တော်တော် လိုက်ရဦးမှာပါ။ လုပ်စရာတွေ အများကြီး ကျန်ပါသေးတယ်"

ဟု ဦးရှိန်းဂေဝိုင်းကရှင်းပြသည်။

"ချိုးချင်းဘာသာနဲ့တော့ 'ခိုနူးစူးမ်" လို့ ခေါ်တယ်။ ခေါနူးစုမ်ပေ့ါ ခင်ဗျာ။ 'ခေါ'ဆိုတာက ဒေသမြေ၊ နူ" ဆိုတာက မိခင်၊ 'စုမ်" ဆိုတာက တောင်၊ တောင်များရဲ့ မိခင်မြေ"ပေ့ါ။ သစ်အယ်တော၊ မေပယ်လ်တော၊ ဝက်သစ်ချတောတွေ ဆိုရင် တောကြီးမျက်မည်း ဖြစ်နေတယ်။ ဆရာတို့ နတ်မတောင်တက်ရင် သဘာဝရဲ့ ဆန်းကြယ်မှုကို တွေ့ ရမှာပါလေ"

ချင်းအမျိုးသားကြီးတစ်ဦးက ဝင်ဖြေသည်။ လက်ဖက်ရည်ဆိုင်က ထွက်လာကြတော့ နေမြင့်ပြီ။ ချက်ချင်းတော့ မပြန်ကြသေးပါ။ ပါးရဲထိုးထားကြသော ချင်းအမျိုးသမီးကြီးတွေကို တောင်းပန်ကာ ဓာတ်ပုံရိုက်ကြသည်။ ကန်ပက်လက်ကို လေးညအိပ်ခရီး ကုန်းကြောင်း လျှောက်ခဲ့ရသည်ဆိုသော ချင်းအမျိုးသား တေးချင်းဆို သဘင်သည်ကို ကြေးဝါနားကွင်း တဝင်းဝင်းနှင့် တွေ့ရသည်။ သူ၏ ပန်းရောင်ပြေးခေါင်းပေါင်းက သူ့မျက်နှာနှင့် လိုက်ဖက် လွန်းလှသည်။ ဘာသီချင်းတွေ ဆိုပါသလဲ မေးတော့ လက်တန်းစပ်ဆို သီဆိုသည်လည်းရှိ၍ အစုအဖွဲ့နှင့် သီဆို တင်ဆက်သည်လည်း ရှိကြောင်း ပြောပြသည်။ အမျိုးသမီးကြီး အတော် များများကတော့ ပါးရဲ ထိုးထားကြသည်။ ပါးရဲပန်းကွက်ချင်း မတူကြ။ အမျိုးကိုလိုက်၍ ကွဲပြားကြသည်ဟု ဆိုသည်။ မကန်း ချင်းအမျိုးသမီးတွေက တစ်မျက်နှာလုံး မည်းအောင်ထိုး၍၊ မွင်းအမျိုးသမီးများကတော့ နားထင်မှ မေးအထိ မျဉ်းသုံးကြောင်းထိုး၍ မျဉ်းပေါ်မှာ စက်ဝိုင်းများ ဖော်တတ်ကြသည်။

မိန်းကလေးတွေ အရွယ်ရောက်သည်နှင့် ကျွမ်းကျင်သော အမျိုးသမီးတစ်ဦးက ထိုးပေးလေ့ရှိသည်။ မီးခိုးမှိုင်းနှင့် တောသစ်ရွက်တစ်မျိုး ခြေကာကြိမ်ဆူး၊ သို့မဟုတ် ဆူးမာဖြင့် အသားပေါက်အောင် ထိုးကြရသည်ဆို၏။ ဒီဘက်ခေတ် မျိုးဆက် မိန်းကလေးများမှာတော့ မတွေ့ ရ။ Mountain

Oasis Resort မှာ အဝတ်အစားလဲကြပြီး နတ်မတောင်တက်ရန် ပြင်ကြရပြီ။

"အို နတ်မတောင်ငဲ့၊ သင်ကား ကျွန်ုပ်၏ ခြေအစုံအောက်၌ ဆိုက်ဆိုက်ကြီး ဝပ်စင်းရလတ္တံ့"

***

## ထင်းရှူးခင်တန်း

*

နတ်မတောင်ကို စတင်တက်တော့မည်ဆိုလျှင် ဆယ်မိုင်ခွဲစခန်းအထိ သွားကြရသည်။ ကန်ပက်လက်မြို့က ဆယ်မိုင်ခွဲဝေးတာလား၊ နတ်မတောင် အမျိုးသားဥယျာဉ် Mountain Oasis Resort က ဆယ်မိုင်ခွဲလား ဆိုတာတော့ ကျွန်တော် မသိ။ သို့သော် ဆယ်မိုင်ခွဲ ခရီးသည်လည်း သစ်တောလမ်း ဖြစ်သည်။ ထင်းရှူးတော တစ်ပြင်တစ်ပြန့်ကြီးကို ဖြတ်ရသည်။ တောင်ပေါ်လမ်း ဆိုတော့ လမ်းတွေက အဆစ်အချိုး များလှပါသည်။ တစ်ဖက်က ချောက်ကမ်းပါး၊ တစ်ဖက်က တောင်ကမ်းပါး၊ တစ်ခါတလေတော့ တစ်ဖက်က သစ်တောနှင့် ထင်းရှူးတောက အနိမ့်ထဲမှာ၊ အခြားတစ်ဖက်က ထင်းရှူးတောချည်း သက်သက်။

ဆယ်မိုင်ခွဲစခန်းကို နေ့လယ်စာ ထမင်းဘူးများ၊ သောက်ရေသန့်ဘူးများ တင်ကာ ထွက်လာကြတော့ မနက် ဆယ်နာရီလောက် ရှိပြီ။ နတ်မတောင် တက်ကြမည့် ဆရာများကတော့ မီးစုန်းရောင် တောက်တောက် ဘောင်းဘီရှည်၊ ချွေးစုပ်အနွေးထည်၊ တောစီးဖိနပ်များဖြင့် ကောင်းကင်ကွဲ မြင်းကောင်းများနှယ် ရှိကြလေသည်။

"ယူနီဗာစီတီတုန်းကတော့ မောင်းတိန်းနီးယားရင်း အိတ်စပီဒီရှင်းမှာ အိတ်စပီးရီးယင့်စ် များလှပေါ့ဗျာ။ ကျွန်တော်တို့ စတင်မီနှာကို ပြန်စမ်းကြည့်ရမှာပဲ"

ဆရာညိုက နေပူခံဦးထုပ်ကို ဆောင်းရင်းက ပြောနေခြင်း ဖြစ်သည်။

ဆရာဆူးကတော့ ကြိတ်လိုက်မဟဲ့ ဆိုသည့်ပုံ။ ဆရာစိုးကတော့ ဂျပန်တောင်တက်သမားနှင့်ပင် တူသေးတော့။ ကိုရှိုင်းကတော့ ကင်မရာသုံးလုံးကို ဆင်ခလောက်ဆွဲ ဆွဲရင်း တရှူရှူရှိလေ၏။ ဦးဝင်းထွဋ်နှင့် ကျွန်တော်ကတော့ ဆယ်မိုင်ခွဲစခန်းမှာ ကျန်ရစ်ခဲ့ကြမည်။ ကျွန်တော့်မှာ နှလုံးရောဂါ၊ ဒူးပါ မကောင်းလှသည့် အတွက် အရန်ခုံမှာ ထိုင်ရသော ဘောလုံးသမားနှယ် ရှိရလေသည်။ ကျွန်တော်တို့ အထဲမှာ အသက်အကြီးဆုံးဆိုသူ ဦးစိုးတင်ကတော့ ဇော်ဂျီဖိုဝင်သား စားထားသည့်နှယ် ပေါင်တစ်ချက် ပုတ်လိုက်သည်နှင့် တောင်ပေါ်ရောက်မည့်ပုံ ပေါ်လေသည်။

"ကြိုးစားပြီးတက်ပါ ဆရာရဲ့ ၊ ကျွန်တော်တို့ဆိုရင် နိုင်ငံခြားသားဧည့်သည်တွေ လာတိုင်း တောင်ပေါ်အထိ တက်တက်ပို့ရတာ အခေါက်သုံးဆယ် ကျော်နေပြီ"

နတ်မတောင် အမျိုးသားဥယျာဉ်မှ ဝန်ထမ်း ချင်းအမျိုးသားကလေးက တစ်လမ်းလုံး ကျွန်တော့်ကို အားပေးရှာပါသည်။ ကျေးဇူးတင်ပါ၏။ ဘယ်လိုမှ မဖြစ်နိုင်ပါ။

သို့သော် ဆယ်မိုင်ခွဲစခန်းအထိ သွားရသည့် ကန့်ပက်လက် မင်းတပ်လမ်းကိုတော့ အလွတ်မပေးပါ။ လှပသော၊ စိမ်းလန်းသော၊ သင်းပျံ့မွှေးရီရှိသော ကန္တာတောခြေကား အသွင်ဆန်းလှပါသည်။ ထင်းရှူးတောကြီးတွေက ဖြောင့်ဖြောင့်မတ်မတ်၊ စိုစိုစိမ်းစိမ်း၊ လန်းဆတ်သော တောင်ပေါ် ထင်းရှူးတောနှင့်အတူ ပေါက်ရောက်နေကြသည့် စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်ကား ရှင်းသန့်နေသည်။ တောင်ဇလပ်နီပွင့်တွေက ကတ္တီပါစိမ်းပေါ် ကြဲပက်ထားသည့် ကျောက်နီပွင့်တွေနှင့်တူသည်။ မျှော်လေရာတိုင်း တောင်တန်းနှင့် သစ်ပင်တွေသာ ရှိသည်။

"မှိုင်းမှိုင်းညိုရောင်၊ မြင့်ထင်တောင်လည်း၊ မိုးခေါင်ထိထိ၊ ရွှန်းရွှန်းညို

လျက်၊ တောတိမြိုင်စည်၊ ရဂုံသည်လည်း၊ လေပြည်လွင့်သစ်၊ တွန့်သေးမြစ်နှင့်၊ သရစ်ပုံ့ရှင်း၊ သာပွင့်လင်းသား'

တွန့်သေးမြစ်ဆိုသည်က တောင်တန်းကြီးတွေ အောက်ခြေ လျှိုချောင်မြောင်ကြားက စီးဆင်းသည့် ရော်ဝချောင်းကလေးတွေကို ပြောခြင်းဖြစ်သည်။ အပေါ်စီးကကြည့်လျှင် တွန့်တွန့်သေးသေးကလေး မြင်ရသည့်ချောင်း။ တွန့်သေးမြစ်တွေကို မမြင်ရသော်လည်း မြစ်နှစ်မြစ်၊ ချောင်းကိုးချောင်း စီးဆင်းရာဒေသ မဟုတ်လော။ ချင်းပြည်နယ်၏ သဘာဝပေါက်ပင်များကို ကြည့်လျှင် အမြင့်ပေ ၃၅၀၀ လောက်အထိ ရွက်ပြတ်ရောတောဖြစ်သည်။ သည်သစ်တောများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်းတွေပေါက်သည်။ ပေ ၃၅၀၀၊ ပေ ၄၀၀၀ အထိကတော့ တောင်ပေါ်တောခြောက်များ ရှိတတ်ပါသည်။ သစ်အယ်၊ ညံ၊ ဂုန်း၊ လောက်ယား၊ မျောက်ငို၊ သစ်နီနှင့် ဆီးဖြူပင်များ တွေ့ရတတ်သည်။ ပေ ၄၅၀၀ မှ ထင်းရှူးတောကြီး တွေက တောင်ပေါ် တောခြောက် သဘာဝတောများနှင့် ရောကာရှိတတ်၏။ ပေ ၅၀၀၀ မှ ၆၀၀၀ အတွင်းမှာတော့ ထင်းရှူးမျိုးကောင်းများကို တွေ့ရပြီ။ ပြည်နယ်၏ အလယ်ပိုင်း၊ ဟားခါးနယ်နှင့် ပြည်နယ်၏ အရှေ့တောင်ဘက်ပိုင်း ကန်ပက်လက်မှာ များများစားစား တွေ့ရသည်။ တောင်ဇလပ်၊ လောက်ယာ၊ သစ်ဆည်းလည်းတွေကို တောင်မြင့်တောစိမ်း သဘာဝတောများရှိရာ ပေ ၆၀၀၀ လောက်မှာ တွေ့ရတတ်ပြီး ပြည်နယ်တောင်တန်းများ၏ အချို့နေရာများတွင် အပူပိုင်းတောစိမ်း သဘာဝတော များလည်း ရှိနေပြန်သည်။

ကျွန်တော်တို့အားလုံး ကန်ပက်လက်နယ် သဘာဝ ထင်းရှူးတောကြီးထဲကို ရောက်နေကြပြီ။

"ထင်းရှူးတွေက အမြဲစိမ်း သစ်ပင်တွေခင်ဗျ။ ပတ်လည်ကိုင်းထွက်

တယ်။ အခေါက်ထူတယ်။ မာတယ်။ ဒေါင်လိုက် သစ်စေးသွား လမ်းတွေက ကြီးလည်းကြီးတယ်။ များလည်း များတယ်။ ယိုးဒယားတွေက ထင်းရှူး တောတွေကိုTourist Attractions လုပ်နေတာ ကြာပြီ။ ကမ္ဘာလှည့် ခရီးသည်တွေနဲ့ ပညာရှင်တွေက ကျွန်တော်တို့ Pine Forest ကို သိပ် သဘောကျကြတယ်"

ချင်းအမျိုးသား လူငယ်က ပြောပြခြင်းဖြစ်သည်။ ဘယ်ကိုကြည့်ကြည့် ထင်းရှူးတောကြီး တွေချည်း။ အရွက်စိမ်းစိမ်း၊ ပင်စည်ညိုညိုကြီးတွေက ရွှေရောင်လဲ့လဲ့ မြက်ခင်းရှင်းရှင်းတွေ ထဲက ငေါက်ငေါက်လန်းလန်း ဖြောင့်ဖြောင့်စင်းစင်းကြီး ထိုးထောင်နေကြ၏။ အမောင်းရွှေရောင်၊ တော သုံးထောင်လည်း၊ ကွာရှောင်ရက်ပြောင်း၊ ဖူးညောင်းသန္တာ၊ စိမ်းပြာညိုလဲ့။

ထင်းရှူးတော မွေးမွေးကို တော်တော် ဖြတ်ကြရသည်။ ပင်စည်လုံးပတ် ထွားထွားကြီးတွေက နှစ်ပရိစ္ဆေဒ သက်တမ်းကို ပြသည်။ လှပသော သဘာ ဝတောသည် အခေါက်ညိုညို၊ အရွက်စိုစိမ်း၊ လေသိမ်းတိုင်းလှ၊ မွေးမြသင်း ရီ ရှိကြလေ၏။ တောင်ပေါ်လမ်း အချိုးတိုင်းမှာ ထင်းရှူးတောကြီးတွေသာ ပိတ်ဆီးနေတော့သည်။ တောင်မြင့်ဇလပ်နီ၊ ရိုဒိုဒင်ဒရွန်တွေ ကတော့ ပေါက်ပင်ကျေးနား ရှိလေသည်။

"ထင်းရှူးတွေက ကွန်နီမီရေးမျိုးစဉ်၊ ပင်နေးဆီမျိုးရင်း ပိုင်းနပ်စ်မျိုးစုမှာ ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာတော့ ထင်းရှူးငါးမျိုးစလုံး တွေ့ရ တယ်။ နှစ်မျိုးက ဟိမဝန္တာက ရောက်လာတဲ့ မျိုးတွေပေါ့"

ဦးဝင်းထွန်းက ရက္ခဗေဒနှင့် ဘွဲ့ရသူဖြစ်သည်။ ထင်းရှူးပင်တွေကြား သွားကာ အခေါက်တွေကို ကြည့်သည်။ အရွက်တွေကို ကြည့်သည်။ ငါး ရွက်ပူး (ငါးခွ) ထင်းရှူး၊ သုံးရွက်ပူး (သုံးခွ) ထင်းရှူး၊ နှစ်ရွက်ပူး (နှစ်ခွ) ထင်းရှူး စသည်ဖြင့် အရွက်တွေကို ခွဲဖြန့်ကာ ရှင်းပြသည်။ ပိုင်းနပ်စ်အာ

မင်ဒီဖရန်ချ်မျိုးက ပေ ၆၀၀၀ မှ ၁၀၀၀၀ ကြား ပေါက်တတ်သည်။ မြန်မာနိုင်ငံ အရှေ့မြောက် နယ်စပ်၊ ပန်းဝါနှင့် ယိမော်တောင်ကြားတွင် အတွေ့ရများသည်။ ပိုင်းနပ်စ်ဝေါလ်ချာယာနာ၊ အေဘီဂျက်မျိုးကတော့ မြန်မာနိုင်ငံ အရှေ့ မြောက်ပိုင်း ပေ ၁၅၀၀ မှ ၇၅၀၀ အတွင်း ပေါက်ကြသည်။

ပိုင်းနပ်စ်မာကူဆီယိုင်ဂျန့်ချ် ခေါ် တနင်္သာရီပိုင်း ကိုတော့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းတွင် တွေ့ရတတ်ပါသည်။ အင်ဒိုနီးရှား၊ ဘော်နီယို၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ မှာလည်း တွေ့ရသည်။

အခြား ထင်းရှူးမျိုးတွေလည်း ရှိသည်။ ကျွန်တော်တို့ ရောက်နေသည့် ထင်းရှူးတောကတော့ တောင်ဘက်မျက်နှာပြု တောင်ကြောနှင့် ကုန်းစောင်းတွေမှာ ပေါက်သည့် ပိုင်းနပ်စ်ကက်ဆီယာ (ပိုင်းနပ်စ်အင်ဆူဂါးရစ်နှင့် ခါဆီယာ)တွေ ဖြစ်ဖို့များပါသည်။ နတ်မတောင် အပူပိုင်း မြက်ခင်း ထင်းရှူးတော (Preclimax Pine Savahna) မှာ များများစားစား လွှမ်းမိုးထားသည့် ထင်းရှူးမျိုးတွေ မဟုတ်လော။

"ကျွန်တော်တို့က သစ်တောသစ်ပင်တွေကို သဘာဝအတိုင်း ခံစားချင်တယ်။ နောက်မျိုးဆက်တွေ ကိုလည်း သည်အမွေကောင်းကို မြင်စေချင်တာပါပဲ။ သစ်တောသစ်ပင်တွေ ဆုံ့ရှုံးသွားမှာ၊ ပျောက်ပျက်သွားမှာပဲ စိုးတယ်"

ဦးစိုးတင်က လန်းဆတ်သော လေကို အားပါးတရ ရှူရင်း ပြောနေသည်။ မြင့်မားခေါင်ခေါင် တောင်တန်းများကြားက သွေးချင်း ချင်းမိသားစုများ၏ အိမ်ကလေးတွေကိုလည်း ရောက်ခဲ့သည်။ ကျွန်တော်တို့ရောက်ခဲ့သည့် အိမ်တစ်အိမ်ဆိုလျှင် သစ်သားအိမ် ဖြစ်သည်။ ခြေတံရှည်အိမ်မြင့် ဖြစ်ပြီး အပေါ်မှာ လူနေကြသည်။ အိမ်ဧရိယာတစ်ခုလုံး၏ ရှေ့ပိုင်းတစ်ခြမ်းမှာ

ဟင်းလင်းဖွင့်ထားသော ကပြင်ဆောင် ဖြစ်သည်။ အိမ်အောက်ထောင့်မှာ ရိုးရာနတ်စင်ရှိသည်။ သည့်ကပြင်ကို လှေကား တစ်စင်း ထောင်ထားသဖြင့် ကလေးတွေက တက်လိုက်ဆင်းလိုက်။ သည်ချင်းမိခင်တွေမှာတော့ ပါးရဲယဉ်ကျေးမှု မတွေ့ရတော့။ မြို့နှင့် အကူးအသန်းရှိသူတွေကတော့ ယော၊ ဆော၊ ထီးလင်း၊ ပေါက်၊ ကျောက်ထု၊ စေတုတ္တရာတွေ အထိ သွားကြသည်ဆို၏။ အိမ်ရှေ့ကုန်းမြင့်မှာ ခက်ရင်းခွသဏ္ဍာန် သစ်တိုင်များရှိသည်။ အေးမြလှသော တောကြီးတောင်ကြီးထဲမှာ ကလေးငယ်တွေ ဆော့ကစား နေကြတာကို ကြည့်ရင်း ကျွန်တော်ပါ စိတ်လွတ်လပ်နေခဲ့သည်။

နောက်တစ်ကွေ့မှာတော့ နတ်မတောင် အမျိုးသားဥယျာဉ် ဆိုင်းဘုတ်ကို တောခြေ တစ်နေရာမှာ တွေ့ရသည်။ ကျွန်တော်တို့အားလုံး ဓာတ်ပုံရိုက်ကြသည်။ တောင်ကမ်းပါးတွေက စုန်းစုန်းရဲရဲ။ ငှက်နွှားတစ်ကောင်၏ ရှုကွဲကွဲအော်သံ၊ စိမ့်ကြီးမြိုင်ကြီး ဆိုသော်လည်း ဦးတိုး၏ "ဘုန်းနှင့်ကံနှင့် ရွှေသဇင်'မရှိ။ နတ်မတောင်မကြီး၏ တစ်ဖက် ချင်းကျေးရွာတွေက ကန်ပက်လက်ဈေးကို စက်မှုကုန်ကြမ်းသီးနှံ ကြက်ဆူသီးတွေ လာရောင်းကြသော လူငယ်တွေကို လမ်းမှာတွေ့ ရတတ်သည်။ နားကွင်းကြီးတွေ တပ်ထားသော ချင်းအမျိုးသားကြီး တစ်ယောက် ဦးဆောင်ကာ ဆင်းလာတတ်သော ဈေးရောင်းအုပ်စုမှာ အရွယ်အမျိုးမျိုးပါသည်။ လေးလံလှသော ကြက်ဆူသီးတွေကို နဖူးသိုင်းခြင်းကြီးတွေထဲ ထည့်ကာ နတ်မတောင်ကို ကျော်လာကြသည်ဆိုလို့ အံ့သြရသည်။ ခြင်းတွေပေါ်မှာတော့ စောင်ခေါက်ကလေး တစ်ထည်စီ ပါကြသည်။ အနွေးထည်ကလေးတွေ ပါကြသည်။

"လမ်းမှာ ညအိပ်ရသလား"

"အိပ်ရတယ်။ တစ်ည"

"ကန်ပက်လက်မှာ ရောင်းတော့ ဘယ်ဈေးရသလဲ"

"တစ်ပိဿာ ခြောက်ရာ၊ နှစ်ဆယ့်တစ်ပိဿာ ပါတယ်"

သန့်စွမ်းလှသော ချင်းလူငယ်က သူ့တောင်းကိုမချဘဲ ကျွန်တော့် အင်္ကျီကို ဖြေသည်။ သူ့နောက်မှာ ကလေး လူငယ်လူရွယ်တွေ ပါသေးသည်။ အငယ်ဆုံး ကလေးမကလေးက လေးပိဿာ ပါသည်ဆို၏။

ကျွန်တော်တို့တွေ့သည့် နေရာက လမ်းမှာဆိုတော့ ကန်ပက်လက် ရောက်ဖို့ တော်တော် လိုသေးသည်။ ကျွန်တော်တို့ကား ဆက်ထွက်လာတော့ လမ်းမှာ ကလေးဝတ်ဆွယ်တာ အဟောင်းကလေး တစ်ထည်တွေ့လို့ ကောက်ခဲ့ရသည်။ ဘယ်သူ ကျကျန်ခဲ့တာများပါလိမ့်။ နတ်မတောင်ကား နွေဆိုသော်လည်း အေးလှပါသည်။

***